# ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

နိုင်ငံတော် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၆ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၆-က အဖြစ်ထည့်သွင်းရမည်။

ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြား လက်မှတ် ရရှိသူတိုင်း ကျန်းမာရေး ဌာန ညွှန်ကြားရေးဝန်ရုံး၏ ဆရာဝန်အမည်စာရင်းတွင် အမည် တင်သွင်းခြင်း။

“၁၆-က။ ။(၁) ဤအက်ဥပဒေ အခြားနေရာများတွင်ပါရှိသည့်ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ—

(က) ဆေးပညာဘွဲ့၊ ဒီပလိုမာ လက်မှတ်၊ သို့တည်းမဟုတ် အခြား လက်မှတ် ရရှိသူတိုင်းသည်၊ ဆရာဝန် အမည်စာရင်းတွင် အမည် တင်သွင်း ရန် ကျန်းမာရေး ဌာန၊ ညွှန်ကြားရေးဝန် ထံသို့ လျှောက်ထားရမည်။

(ခ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်စော၍ အောင်လက်မှတ်ရပြီးသူများကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။

(ဂ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်နောက်ကျ၍ အောင်လက်မှတ်ရသူများအနက်—

(ကက) ကျန်းမာရေးဌာနက အသိအမှတ်ပြုသည့် ဆေးရုံတခုခုတွင် အနည်းဆုံး တနှစ်မျှ လက်တွေ့သင်ကြားပြီးသူကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ခခ) ကျန်ရှိသောသူများကို၊ ဆေးရုံတခုခု၌ တနှစ်မျှလက်တွေ့သင်ကြားရန်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က ညွှန်ကြားရမည်။ သက်ဆိုင်ရာ ဆေးရုံအုပ်ချုပ်သူထံမှ တနှစ်မျှ ကြေနပ်စွာ လက်တွေ့ သင်ကြားပြီးကြောင်း ထောက်ခံချက်ရမှသာလျှင်၊ ထိုကျန်ရှိသော သူများကို ဆရာဝန် အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(၂) မည်သူမျှကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ရုံးကထုတ်ပေးသော မှတ်ပုံတင် လက်မှတ်မရှိလျှင်၊ ဆေးကုသခြင်းလုပ်ငန်း မလုပ်ကိုင်ရ။

(၃) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ နှစ်နှစ်မှ ငါးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်း ခံရမည်။

(၄) နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ အထမြောက်စေရန် နည်းဥပဒေများပြုနိုင်သည်။''